www.burmeseclassic.com

Little Boy PUBLISHING HOUSE

သားငယ်သမီးငယ်တို့အတွက်

# ငရဲကြီး ၈ ထပ်နှင့် ၁၁ ဘုံ



လင်းသက်ခိုင်

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

စာအုပ်အမှတ် ၃၁

သားငယ်သမီးငယ်တို့အတွက်

# ငရဲကြီး ၈ ထပ် နှင့် ၃၁ ဘုံ

လင်းသက်နိုင်

ဖြန့်ချိရေး
စာပေလောက ၅
အမှတ် ၁၃၈-၁၄၀၊ ပထမထပ်၊
မဟာဗန္ဓုလလမ်းနှင့် ပန်းဆိုးတန်းလမ်းထောင့်
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၇၃၁၂၅၀၆၇၊ ၀၉ ၇၃၁၄၀၉၃၆
Website : www.sarpaylawka5.com
Email : splk5mm@gmail.com

www.burmeseclassic.com

www.burmeseclassic.com


| | |
|---|---|
| ပုံနှိပ်ခြင်း | ပထမအကြိမ်၊ အုပ်ရေ (၁၀၀၀) |
| ထုတ်ဝေခြင်း | ဒီဇင်ဘာ၊ ၂၀၁၃ |
| တန်ဖိုး | ၁၃၀၀ ကျပ် |
| စီစဉ်သူ | နှင်းမြက်သွယ် |
| အဖုံးနှင့်အတွင်းသရုပ်ဖော် | ပန်းချီ ကိုကဲကောင်း |
| ထုတ်ဝေသူ | ဒေါ်တင်ထွေးယဉ် (မြဲ ၀၁၇၇၆)၊ ကြူအားသယ စာပေတိုက်၊ ရန်ကုန်မြို့။ |
| အတွင်းနှင့်မျက်နှာဖုံးပုံနှိပ် | ဦးမျိုးညွန့် (ယ ၁၀၆၁၅)၊ စာပေလောကပုံနှိပ်တိုက် အမှတ် ၁၇၇၊ ၃၃ လမ်း၊ ရန်ကုန်။ |

ထင်းသက်နိုင်
သားငယ်သမီးငယ်တို့အတွက် ငရဲကြီး ၈ ထပ်နှင့် ၃၁ ဘုံ
Little Boy Publishing House။ - ရန်ကုန်။
၁၇၇ စာ၊ ၁၃.၉၇ x ၁၂.၇ စင်တီ
သားငယ်သမီးငယ်တို့အတွက် ငရဲကြီး ၈ ထပ်နှင့် ၃၁ ဘုံ


## နမော တဿ ဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿ

သတ္တလောကဟူသော လူ့ဘုံ၊ လူ့ဘဝ၊ လူ့လောကအကြောင်း ပြောကြလျှင် (၃၁) ဘုံ၌ကျင်လည်ကြသော သတ္တဝါ အနန္တဟု ပြောကြဆိုကြသည်ကို ကြားသိ ရသော်လည်း တချို့လူငယ်လူရွယ်တို့အနေနှင့်မူ ၃၁ ဘုံ၌ လူ့ဘုံအပြင် အဘယ်ဘုံတို့ ပါဝင်နေကြသည်ဆိုသည်ကို အကြမ်းဖျင်းမျှလောက်သာ သိကြသည်။ တိတိကျကျ မသိကြပါချေ။ သို့အတွက် လူငယ်၊ လူရွယ်တို့ ၃၁ ဘုံ အကြောင်း သိသင့်သိထိုက်သမျှကို သိစေရန် ဗဟုသုတအလို့ငှာ ပုံပြ ၃၁ ဘုံ အဖြစ် ဘင်ဆက်လိုက်သည် ဆိုသော်လည်း အသေးစိတ်အပြည့်အစုံ ဖော်ပြခြင်းကားမဟုတ်။

လူငယ်များဖတ်ရှုသည့်အခါ လေးလံမည်ထင်သော အပိုင်းများကို ချန်လှပ်၍ မဖော်ပြ၍မရသော ပါဠိစကားလုံးများမှအပ အားလုံးကို လွယ်ကူစွာ ဖတ်နိုင်အောင် စီစဉ်ထားပါသည်။ လူ့ဘုံသည် ကံ၊ ဉာဏ်၊ ဝီရိယကို အခြေခံသောဘုံဖြစ်၍ အကုသိုလ်၏လားရာ အပါယ် ၄ ဘုံ ကိုရှောင်ကာ ကုသိုလ်ကောင်းမှု ဒါန၊ သီလကြောင့် နတ်ဘုံ၊ ဗြဟ္မာ့ဘုံတို့ တက်ရောက်နိုင်သည်။ ကုသိုလ်လမ်းကြောင်းတွင် ကံလမ်း၊ ဈာန်လမ်း၊ ဉာဏ်လမ်းဟူ၍ ရှိပါသည်။ ယနေ့ လူငယ်တို့ အကုသိုလ်ကိုရှောင်၍ ကုသိုလ်ကို ဆောင်ကာ ၃၁ ဘုံအကြောင်း ကောင်းစွာသိနားလည်နိုင်ကြပါစေဟု ဆန္ဒပြုလိုက်ရပါသည်။

**ထင်းသက်နိုင်**



www.burmeseclassic.com

www.burmeseclassic.com







၃၁ ဘုံ၌ ကျင်လည်ခြင်းသည် တစ်နည်းဆိုရသော် သံသရာလည်ခြင်းပင် ဖြစ်သည်ဟု ဆိုနိုင်သည်။

ထို ၃၁ ဘုံဟူသည်ကား. . . .

| | |
|---|---|
| အပါယ် | (၄) ဘုံ (ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရာကာယ်) |
| လူ့ဘုံ | (၁) ဘုံ |
| နတ်ဘုံ | (၆) ဘုံ |
| ရူပဗြဟ္မာဘုံ | (၁၅) ဘုံ (ရုပ်ရှိ၊ နာမ်ရှိဘုံ) |
| အရူပဗြဟ္မာဘုံ | (၄) ဘုံ (ရုပ်မရှိ၊ နာမ်သာရှိဘုံ) |
| အသညသတ်ဗြဟ္မာဘုံ | (၁) ဘုံ (ရုပ်သာရှိ၊ နာမ်မရှိဘုံ) |



www.burmeseclassic.com

www.burmeseclassic.com







အပါယ် ၄ ဘုံထဲမှ ငရဲဆိုသည်မှာ ချမ်းသာခြင်းကင်းရာ၊ ချမ်းသာခြင်းလုံးဝ မရှိသောနေရာဟု ဆိုပါသည်။ ငရဲကြီး ၈ ထပ်ရှိသည်။

## ၁။ သဉ္ဇိုဝ်းငရဲ

တရားဓမ္မကို ကျင့်ကြံအားထုတ်နေသည့် ရဟန်း၊ သာမဏေ၊ သူတော်စင် ယောဂီတို့အား စော်ကားပြစ်မှားမိသူတို့ ကျခံရသော ငရဲဖြစ်သည်။ အလျှံညီးညီး တောက်နေသည့် မီးလျှံရဲရဲတွင် ငရဲသက်တမ်းမကုန်မချင်း အသတ်ခံလိုက် ပြန်ရှင်လိုက်၊ ပြန်ရှင်လိုက် အသတ်ခံလိုက်နှင့် ဒုက္ခဆင်းရဲခံရသည့် ငရဲဖြစ်ပေသည်။

ငရဲသက်တမ်း - အနှစ် ၅၀၀

လူ့အနှစ် (၉) သန်း - သိဉ္ဇိုဝ်းငရဲ (၁) ရက်

www.burmeseclassic.com

www.burmeseclassic.com







## (၂) ကာလသုတ်ငရဲ

လူ့ဘဝတွင်ရှိစဉ်က ကျေးဇူးရှင် အမိအဖ၊ အကျင့်သီလနှင့် ပြည့်စုံ မြင့်မြတ်သော ရဟန်း၊ သာမဏေ၊ သူတော်စင်တို့အား ရိုင်းစိုင်းစွာ ပြစ်မှားစော်ကား ညဥ်းပန်း နှိပ်စက်ခဲ့သူများ ငရဲကျခံရမည့် ငရဲဖြစ်သည်။ အလျှံညီးညီး တောက်နေသော သံမြေပြင်ဝယ် မားပေါက်ဆိန်တို့ဖြင့် ပိုင်းဖြတ်ခံလိုက်၊ ပြန်ဆက်သွားလိုက်နှင့် အကြိမ်ကြိမ်ခံနေရသော ငရဲဖြစ်သည်။


ငရဲသက်တမ်း အနှစ် (၁၀၀၀)

လူ့အရေအတွက် (၃ ကုဋေနှင့် ၆ သန်း) အနှစ်

www.burmeseclassic.com

www.burmeseclassic.com





## (၃) သံဃာတငရဲ

လူ့ဘဝတွင် သူတစ်ပါးအသက်သတ်သူ၊ ဒါနအကျိုးမရှိ၊ သီလအကျိုးမရှိဆိုကာ မိစ္ဆာဒိဋ္ဌိ အယူမှားနေသူများအား ပြစ်မှားစော်ကားသူများ ကျရောက်သည့်ငရဲ ဖြစ်သည်။ ခါးအထိနစ်နေသော သံမြေပြင်ထဲကို မီးလောင်နေသည့် သံတောင်ကြီးဖြင့် အကြိတ်ခံနေရသော ငရဲဖြစ်သည်။

ငရဲသက်တမ်း - အနှစ် (၂၀၀၀)

လူ့အရေအတွက် (၁၄ ကုဋေ ၄ သန်း)

www.burmeseclassic.com

www.burmeseclassic.com







## (၄) ယောရုဝငရဲ

မကောင်းမှုအကုသိုလ်များကို ရက်ရက်စက်စက် စိတ်ရောကိုယ်ပါ ပြု၍ တိရစ္ဆာန်များအား အပူထဲထည့်၍ သတ်ဖြတ်သူများ ဤငရဲသို့ကျတတ်သည်။ ခန္ဓာကိုယ်တစ်ခုလုံး မီးတောက်လောင်ပြီး အပူဒဏ်ကြောင့် အမြဲငိုကြွေးနေရသော ယောရုဝငရဲ ဖြစ်သည်။

ငရဲသက်တမ်း (၄၀၀၀)

လူ့အရေအတွက် (၅၇ ကုဋေ ၆ သန်း)

www.burmeseclassic.com

www.burmeseclassic.com







## (၇) မဟာယောရုဝငရဲ

လူတစ်ဖက်သားအား ယုတ်မာကောက်ကျစ်၍ ရဟန်းနှင့်အကျင့်သီလကောင်းသူများကို ပြစ်မှားစော်ကားသူများ ကျရောက်သည့် ငရဲဖြစ်သည်။ မီးလျှံမီးတောက်တို့ဖြင့် မွန်းကျပ်ပူလောင်ကာ ယောရုဝငရဲထက် ပြင်းထန်စွာ ဆင်းရဲဒုက္ခခံစားရသောငရဲကို မဟာယောရုဝငရဲဟု ခေါ်ပေသည်။

ငရဲသက်တမ်း အနှစ် (၈၀၀၀)

လူ့အရေအတွက် (၂၃၀ ကုဋေ၊ ၄ သန်း)

www.burmeseclassic.com

www.burmeseclassic.com







## (၆) တာပနငရဲ

တိုင်းပြည်ရှိ ကျေးရွာအိုးအိမ်များကို ဖျက်စီးပစ်သူများ၊ အကျင့်ပျက်ဖောက်ပြန်သော အိမ်ထောင်ရှင်မများ၊ ဤငရဲသို့ ကျသည်။ အလျှံတပြောင်ပြောင် တောက်လောင်နေသော သံတံကျင်ဖြင့် ထိုးစိုက်ခံရ၍ ဟစ်အော်နေရသော ငရဲကို တာပနငရဲဟုခေါ်သည်။

ငရဲသက်တမ်းကား (၁၆၀၀၀)

လူ့အရေအတွက်အပေါင်း ( ၉၂၁ ကုဋေ ၆ သန်း )

www.burmeseclassic.com

www.burmeseclassic.com







## (၇) မဟာတာပနငရဲ

မတရားပြုကျင့်သူ၊ အဂတိလိုက်စားသူ၊ လင်ယောက်ျားအား အနိုင်ယူညှဉ်းပန်းနှိပ်စက်သော မိန်းမများ၊ ဇနီးသည်အား နှိပ်စက်သော ယောက်ျားများသည် ငရဲသို့ ကျ၍ သံပူမီးတောင်ကြီးပေါ် တက်ရသည်။ မီးတောင်ပေါ်မှ အောက်ကျလျှင် အောက်က သံချွန်များ၏ စူးဝင်ခြင်းခံရ၍ ပူလောင်နာကျင်မှုများ ခံစားနေရသော ငရဲကို မဟာတာပနငရဲဟုခေါ်သည်။

ငရဲသက်တမ်း - အန္တရကပ်တစ်ဝက်၊

လူ့အရေအတွက် - နှစ်ပေါင်းမရေတွက်နိုင်

www.burmeseclassic.com

www.burmeseclassic.com






## (၈) မဟာအဝီစိငရဲ

အမေသတ်သူ၊ အဖေသတ်သူ၊ ရဟန်းသတ်သူ၊ ဘုရားရှင်အား သွေးစိမ်းတည်အောင်ပြုသူ၊ ညီညွတ်နေသော သံဃာအား အသင်းခွဲသူဟူသည့် ကံကြီးထိုက်သူများ ဤငရဲကျရောက်သည်။ မီးတောက်မီးလျှံများအကြား၊ ငရဲသူငရဲသားများအကြား နေရာလပ်မရှိအောင် ပြည့်ကျပ်လျက် ဒုက္ခခံစား နေရသည့် ငရဲကို မဟာအဝီစိငရဲဟုခေါ်သည်။

www.burmeseclassic.com

www.burmeseclassic.com







ငရဲကြီး (၈) ထပ်ရှိ အထပ်တိုင်းတွင် ဘင်ပုပ်ငရဲ ပြာပူငရဲ လက်ပံတောငရဲ သန်လျက်ရွက်တောငရဲ ကြိမ်ပိုက်ချောင်းငရဲများ ဝိုင်းရံလျက်ရှိ၏။

ငရဲကြီး (၈) ထပ်သည် တစ်ထပ်နှင့်တစ်ထပ် ယူဇနာ ၁၅၀၀၀ တစ်သောင်းငါးထောင်စီ ကွာခြားလျက်ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com





ငရဲသက်ကားရှည်လွန်း၏။ သို့သော် သက်တမ်းမပြည့်မီ လွတ်ခွင့် ကျွတ်ခွင့်ရှိသည်။ ကွယ်လွန်ခါနီး ငရဲသို့ရောက်၍ ယမမင်းနှင့်တွေ့လျှင် ပြုခဲ့ဖူးသော ကုသိုလ်ကောင်းမှုအား ယမမင်းအား အမျှဝေပေးခဲ့လျှင် ယမမင်း၏သတိပေး အစဖော်ပေးမှုကြောင့် အမှတ်ပြန်ရ၍ ငရဲမှလွတ်ကာ သုဂတိဘုံသို့ ပြန်ရောက်နိုင်ပေသည်။ ထို့ကြောင့် ကုသိုလ်ပြုပြီးတိုင်း ယမမင်းအားလည်း အမျှပေးဝေရမည်။





www.burmeseclassic.com

www.burmeseclassic.com





## ကြိမ်ပိုက်ချောင်းငရဲ


အဆူးရှိသော ကြိမ်များပြည့်နေသည့်ထဲ သံကြာရွက်တို့ကလည်း သင်တုန်းသမျှ ထက်ရှလှသည်။ ဤငရဲသို့ ကျရောက်သူကို ငရဲထိန်းက ရိုက်နှက်သည်ကို မခံနိုင်၍ ကြိမ်ပိုက်ချောင်းထဲ ခုန်ဆင်းသည်။ ချောင်းထဲရှိ လက်နက်များ၏ ဒဏ်ကို ခံစားရသည်။

**မိမိထက်အားနည်းသူများအား နှိပ်စက်ညှဉ်းပန်း အနိုင်ကျင့်ခဲ့သူများ ရာထူးအာဏာအားကိုးဖြင့် သူများကို ဖျက်စီးခဲ့သူများ ဤငရဲသို့ ကျရောက်၏။**

www.burmeseclassic.com

www.burmeseclassic.com







## သုနခငရဲ (ခွေးငရဲ)


ဆင်လောက်ရှိသော ငရဲခွေးများက မီးလျှံများနှင့် အဆင်းရှိ၏။ ငရဲခွေးတို့သည် ငရဲသားများအား ယုန်များ၊ သမင်များ အမှတ်နှင့် စားလေသည်။ ငရဲကျီး၊ ငရဲလင်းတကြီးများကလည်း သံနှုတ်သီးချွန်ဖြင့် ထိုးဆိတ်၍ စားသောက်ပစ်၏။

**စဉ်းလဲကောက်ကျစ်ယုတ်မာသောစိတ်ဖြင့် ဆဲဆိုနှုတ်ကြမ်းကာ အလှူလည်းမပေး၊ အလှူပေးသူကိုတားမြစ်၊ ရဟန်းသူတော်စင်တို့အား ဆဲဆိုခြင်း၊ ရိုင်းစိုင်းစွာ ဆတ်ဆံခဲ့သူများ ဤခွေးငရဲသို့ ကျလေသည်။**

www.burmeseclassic.com

www.burmeseclassic.com








## သဗောတိငရဲ (ခန္ဓာတစ်ခုလုံး အပူတွေတောက်နေသောငရဲ)

အလျှံတပြောင်ပြောင် တောက်လောင်နေသော သံမြေပြင်၌ အနင်းခံရကာ ငရဲသားတို့က လှံတံကြီးများဖြင့် လိုက်လံထိုးနှက်ကြသည်မှာ အမှုန့်အညက် ဖြစ်သည်အထိ ပြုလုပ်သော်လည်း သေသည်မရှိ၊ ပြန်ရှင်လာပြန်လည်း ထပ်၍ ညှဉ်းပန်း ခံရပြန်သည့် ငရဲဖြစ်သည်။

လူ့ပြည်မှာနေစဉ်ကာလ အကျင့်သီလကောင်းရှိသော သူတော်ကောင်းများအား မနာလိုဝန်တိုစိတ်ဖြင့် စိတ်မချမ်းသာအောင် ပြုလုပ်ခဲ့သူ ဤငရဲသို့ ကျသည်။

www.burmeseclassic.com

www.burmeseclassic.com







## အဂီရကာသုငရဲ (မီးကျီးတွင်းငရဲ)

သန်လျက်၊ လှံကိုင်ဆောင်ထားသော ငရဲထိန်းတို့က ငရဲသားများကို ခါးထိ နစ်နေသော မီးကျီးတွင်းထဲသို့ ခုန်ဆင်းစေသည်။ ပြီးနောက် ငရဲသူ၊ ငရဲသားတို့ ခေါင်းပေါ်ကို မီးကျီးခဲများ လောင်းချ၏။ ငရဲသားများ အပူလောင်ပြင်းပြစွာ အော်ဟစ် ငိုကြွေးနေသည်။

**လူ့ပြည်မှာနေစဉ်က ကောက်ကျစ်ကာ ကလိန်ကကျစ် ကျသူများ၊ အလှူငွေများကောက်ခံပြီး အများအတွက်မသုံး ကိုယ်ကျိုးအတွက် သုံးသူများ ဤငရဲသို့ ကျရောက်သည်။**



www.burmeseclassic.com

www.burmeseclassic.com





## လောဟကုမ္ဘီငရဲ (သံအိုးကင်းငရဲ)

သံရည်ပူတွေ ထည့်ထားသော အိုးကင်းကြီးထဲသို့ ငရဲသားများကို ငရဲထိန်းတို့က ခြေကိုဆွဲကိုင်၍ ခေါင်းဇောက်ထိုးထားကာ အိုးထဲနစ်မြုပ်နေကြသည်။ သံရည်ပူ အိုးထဲ ပေါ်လိုက်နစ်လိုက် ဖြစ်နေအောင် ပူလောင်ပြင်းပြစွာ ခံစားအော်ဟစ် နေရသည်။

လူ့ပြည်မှာနေစဉ် အကျင့်သီလကောင်း ရှိသူများ၊ သူတော်စင်များအား ဆဲရေးညှဉ်းဆဲ နှိပ်စက်သူ၊ မကောင်းသော ဒေါသစိတ်ဖြင့် ပြစ်မှားနှိပ်စက် သူများ ဤငရဲသို့ ကျရောက်သည်။





www.burmeseclassic.com

www.burmeseclassic.com







## ဒုတိယလောဟကုမ္ဘီငရဲ

ငရဲထိန်းတို့သည် ငရဲသားတို့အား တစ်ယောက်နှင့်တစ်ယောက် လည်ပင်းကို ပူးတွဲချည်ကာ ရိုက်ပုတ်ပြီး သံရည်ပူအိုးထဲ ပစ်ချခံရသည်။

**လူ့ဘဝဖြစ်စဉ်က ကြက်၊ ငှက် စသည့် တိရစ္ဆာန်တို့ကို လည်၌ ကြိုးများ စည်းနှောင်ကာ သတ်ခြင်း၊ လည်ပင်းလိမ်ချိုးသတ်၍ စားခြင်း၊ ရောင်းခြင်း ပြုသူများ ဤငရဲသို့ ကျသည်။**

www.burmeseclassic.com

www.burmeseclassic.com







## တပေါဒါနနိငရဲ (ပြာပူမြစ်ငရဲ)

အလျှံတပြောင်ပြောင် တောက်လောင်နေသော သံမြေအနီးမှစီးသောမြစ်ဖြစ်သည်။ ထိုမြစ်အနီး၌ သံမြေပူပြင်းကို နင်းသွားနေရသော ဒုက္ခသည်ငရဲသားများသည် အပူရှိန်ကို ခံစားရသည့်အပြင် ရေငတ်မွတ်မှုဒဏ်ကို ခံရသည်။ ရေသောက်ရန် မြစ်ထဲဆင်းလိုက်တိုင်း မြစ်ဆိပ်တခွင်လုံး မီးတောက်များဖြစ်၍ မြစ်ရေတို့ ရဲရဲတောက်ပြာပူများ ဖြစ်သွား၏။

**လူ့ပြည်၌နေစဉ်က အရောင်းအဝယ်လုပ်ရာ၌ ကောက်ကျစ်သူများ၊ မသမာသောပစ္စည်းများစွာ ရောင်းချသူများ ဤငရဲသို့ ကျသည်။**

www.burmeseclassic.com

www.burmeseclassic.com







## သတ္တိဟတငရဲ (လှံ၊ သန်လျက်တို့ဖြင့် ညှဉ်းဆဲခံရသည့်ငရဲ)

အလျှံတပြောင်ပြောင် တောက်လောင်နေသော သံမြေပြင်ဝယ် ငရဲထိန်းတို့က ငရဲသားများကို သန်လျက်ဖြင့် အပိုင်းပိုင်း ဖြတ်၍ လှံဖြင့်တစ်ဖက်ပေါက်အောင် ထိုးသတ်၊ ညှဉ်းဆဲနေကြသည်။

**လူ့ဘဝနေစဉ်က နည်းမျိုးစုံဖြင့် ဖောက်ထွင်းခိုးယူ လုယက်သူများ ဤငရဲသို့ ကျသည်။**

www.burmeseclassic.com

www.burmeseclassic.com








## သူနာပထာငရဲ (အသားစု၊ အသားစိုင်ငရဲ)

မြင်မကောင်းအောင် ကြောက်စရာကောင်းသည့် ငရဲထိန်းများက ငရဲသားများကို တညီးညီးတောက်လောင်နေသော သံကြိုးဖြင့် မသေမရှင် ဆွဲရစ်နှောင်ဖွဲ့ ရိုက်နှက်ထိုးခုတ်၍ နှိပ်စက်သည်။ ပြီးနောက် ငရဲသားတို့၏ အသားများကို ခုတ်ဖြတ်ကာ ပုံထားသည်။

**လူဖြစ်စဉ်က တိရစ္ဆာန်များအား ဖမ်းဆီးခုတ်ဖြတ် သတ်ဖြတ်သူများ၊ ရောင်းချသူများ ဤငရဲကို ကျရောက်သည်။**

www.burmeseclassic.com

www.burmeseclassic.com







မုဋ္ဌကရိသငရဲ (ကျင်ကြီးတွင်း ကျင်ငယ်တွင်းငရဲ)


အပုတ်နံ့ထောင်းထောင်းနေသော ကျင်ကြီး၊ ကျင်ငယ်တို့ကို ငမ်းငမ်းတက် ဆုပ်ကိုင်စားသုံးနေရသည်။

**လူဖြစ်စဉ်က မိတ်ကောင်းဆွေကောင်းနှင့် ပေးကျွေးသူကိုပါမချန် သတ်ဖြတ်ပစ်သည့်သူများ ဤငရဲသို့ကျရောက်သည်။**

www.burmeseclassic.com

www.burmeseclassic.com





## လောဟိတပုဗ္ဗငရဲ (သွေးတွင်း၊ ပြည်တွင်းငရဲ)


တွင်းအိုင်အတွင်းရှိ သွေးများ၊ ပြည်များကို မက်မက်မောမော စားသုံးကြသည်။

**လူဖြစ်စဉ် မိခင်၊ ဘခင်တို့အား မလုပ်ကျွေးသည့်အပြင် ရိုက်ပုတ် ထုထောင်း၊ ရဟန်းသံဃာများအား နှိပ်စက်ညှဥ်းပန်းသူများ ဤငရဲသို့ ကျသည်။**

www.burmeseclassic.com

www.burmeseclassic.com







## ဝိဠံ့ဝိဟာတငရဲ (အရေခုပ်၊ အသားဖြတ်ငရဲ)

မီးရဲရဲနီနေသော သံမြားကောက်ဖြင့် အာစောက်လျှာရင်းကို ဖောက်ထွင်း၍ ဆွဲချိတ်နှိပ်စက်ခံရသော ငရဲဖြစ်သည်။ ပြီးနောက် သံမြေပြင်အပူဝယ် အိပ်ခိုင်းရာ လူးလှိမ့်နေအောင် အော်မြည်ငိုကြွေးရသည်။

**လူ့ဘဝက အမှန်တရားအတိုင်း မဆုံးဖြတ်၊ အဂတိလိုက်စားသူများ၊ လာဘ်စားသူများ ဤငရဲသို့ကျသည်။**

www.burmeseclassic.com

www.burmeseclassic.com







## သပရိဘိန္နဂတ္တာဒီငရဲ (သံလုံးကြိတ်ငရဲ)

ဤငရဲကား ယောကျ်ားမပါ၊ ခေါင်းပြတ်၊ ကိုယ်ပြတ်နှင့် အပိုင်းပိုင်း ပြတ်နေသောအမျိုးသမီးများ သံမြေပူထဲ နှစ်မြုပ်လျက် ပူလောင်နာကျင်စွာ အော်ဟစ်နေကြသည်။ ထိုစဉ် မီးတောက်သံလုံးကြီးများ နင်းကြိတ်ပစ်လိုက်ရာ အစိတ်စိတ်အမြွှာမြွှာ ဖြစ်သွားသည်။

**လူ့ဘဝနေစဉ် အခြားသောယောကျ်ားများနှင့် ဖောက်ပြန်သူများ ကျသော ငရဲဖြစ်သည်။**

www.burmeseclassic.com

www.burmeseclassic.com







## အဝံသိရပေတငရဲ (ဦးခေါင်းဇောက်ထိုးငရဲ)


ဤငရဲကား ယောကျ်ားသက်သက်ငရဲ ဖြစ်သည်။ ငရဲသားများကို ဝိုင်းဝန်းထိုးနှက်၍ မီးကျီးစုထဲ ခေါင်းကိုဇောက်ထိုးထား၍ ခြေနှစ်ချောင်းမှကိုင်ကာ ပစ်ချလိုက်သည်။

လူ့ဘဝဖြစ်စဉ်က သူများသားမယားကို စော်ကားဖောက်ပြားမိသူများ ဤငရဲသို့ကျသည်။

www.burmeseclassic.com

www.burmeseclassic.com





## ကောင်္ဒိုသိမ္ဗလိဝနငရဲ (လက်ပံပင်တောငရဲ)

လက်ပံပင်တစ်ပင်လျှင် တစ်ယူဇနာရှိ၍ အပင်ရှိဆူးများကား မီးလောင်နေသော သံဆူးများအပြည့်ရှိသည်။ မိန်းမအား လက်ပံပင်အဖျား၌တင်ထား၍ ယောကျ်ားအား အောက်တွင်ထားကာ မိန်းမရှိရာသို့ ဆူးများအစူးခံကာ တက်ရောက်စဉ် အောက်ပြန်ကျ၊ မိန်းမကား ဆူးစူးခံ၍ အောက်ဆင်းရာ ပြုတ်ကျသေရသည့် ငရဲဖြစ်သည်။

**မိစ္ဆာဒိဋ္ဌိအယူမှားသူများ ဤလက်ပံပင်တောငရဲသို့ ကျသည်။**





www.burmeseclassic.com

www.burmeseclassic.com







## တိရစ္ဆာန်

တိရစ္ဆာန်တို့၏ ဆင်းရဲဒုက္ခသည် လူတို့အား မျက်မြင်ပင်ဖြစ်သည်။

တိရစ္ဆာန်တို့သည် အချင်းချင်း သတ်ဖြတ်စားသောက်နေသဖြင့် သုဂတိဘုံဘဝသို့ ရောက်ရေးမှာ အတားအဆီးကြီး ဖြစ်နေလေသည်။ ကိုယ်က သူ့ကိုသတ်၊ သူကကိုယ့်ကို ပြန်သတ်နှင့် အပါယ် (၄) ပါးအတွင်း၌သာ အချိန်ကာလများ ကုန်ဆုံးနေရသည်။ အချို့တိရစ္ဆာန်မျိုးမှာ တိရစ္ဆာန်နယ်ပယ်၌ ပါဝင်သည့်တိုင် တန်ခိုးရှိသူအဖြစ် လေ့လာနိုင်သည်။

ဥပမာ- နဂါး၊ ဂဠုန်၊ ခြင်္သေ့၊ ကိန္နရာ။

www.burmeseclassic.com

www.burmeseclassic.com





## ပြိတ္တာ

ချမ်းသာသုခမှ ကင်းဝေးသောကြောင့် ပေတ (ပြိတ္တာ) ဟုခေါ်သည်။

ပြိတ္တာတို့ကား ဘုံသီးခြားမရှိ၊ သုသာန်သချိုင်းများ၊ တောတောင် မြစ်ချောင်းများအနီးအပါး၌ အစားသောက်ဆင်းရဲစွာ နေကြရသည်။ အချို့ပြိတ္တာများမှာ လူအများအနီး၌ သွားလာကာ စားကြွင်းစားကျန်များ၊ ချွဲ၊ သလိပ်၊ နှပ်၊ တံတွေးတို့ကို ယူဆောင်၍ စားသောက်ရသည်။





www.burmeseclassic.com

www.burmeseclassic.com





## ပြိတ္တာ (၄) မျိုး

၁။ သူတစ်ပါးကို မှီခို၍ ပေးကမ်းမှ စားသောက်ရသော ပြိတ္တာ၊

၂။ မစားရ၊ မသောက်ရဘဲ အမြဲဆာလောင်ငတ်မွတ်ခြင်းဒဏ် ခံနေရသော ပြိတ္တာ၊

၃။ ကိုယ်ခန္ဓာတစ်ခုလုံး ပူလောင်နေသောပြိတ္တာ၊

၄။ အသူရကာယ်ပြိတ္တာ၊





www.burmeseclassic.com

www.burmeseclassic.com







## ဂတိ (၅) မျိုး

လူတို့သေလွန်ပြီးနောက် လားရမည့်ဂတိ (၅) မျိုးရှိသည်။ ထိုဘုံဘဝ (၅) မျိုးကား

| | | |
|---|---|---|
| ဒေဝဂတိ | = | နတ်ပြဟ္မာဘုံ |
| မနုဿဂတိ | = | လူ့ဘုံ |
| ပေတဂတိ | = | ပြိတ္တာဘုံ (အသူရကာယ်ဘုံ) |
| တိရစ္ဆာနဂတိ | = | တိရစ္ဆာန်ဘဝ |
| နိရယဂတိ | = | ငရဲဘုံ |

www.burmeseclassic.com

www.burmeseclassic.com







## အသူရကာယ်

သမုဒ္ဒရာ၊ ဂင်္ဂါမြစ်ကမ်း စသည့်၌နေ၍ လွန်စွာမွတ်သိပ် ဆာလောင်ကြသည်။ တချို့သော အသူရာတို့မှာ ဘုရားပွင့်သော်လည်း တစ်ကြိမ်မျှပင် မစားသောက်ရအောင် ငတ်မွတ်ခြင်းတို့ နှိပ်စက်ကြကုန်သည်။

### အသူရာ (၃) မျိုး

(၁) ဝေပစိတ္တိအသူရာ = တာဝတိံသာနတ်တို့လို သက်တမ်း၊ စည်းစိမ်၊ တန်ခိုး စသည်တို့ တူညီမှုရှိ၍ မြင်းမိုရ်တောင်အောက်မှ နေသည့်အသူရာ

(၂) ဝိနိပါတိကအသူရာ = တာဝတိံသာနတ်တို့လောက်မမြင့်၊ တန်ခိုးမကြီး၊ အစားအသောက်၊ အဝတ်အစား ချို့တဲ့သည့်အသူရာ

(၃) ကာလကဉ္စိကအသူရာ = အသူရာပြိတ္တာ၏ ကိုယ်ခန္ဓာသည် သုံးဂါဝုတ်မျှ ကြီး၍ အသားအသွေးနည်း၏ မျက်စိပြူးထွက်၍၊ အရိုးအရေသာရှိ၊ မျက်လုံးက ဦးခေါင်းနားရောက်၊ ခံတွင်းကအပ်နဖားပေါက်သောက်သာရှိ၊ ပါးစပ်မှာဦးခေါင်းဘက် ရောက်နေသည်။

www.burmeseclassic.com

www.burmeseclassic.com







## လူ့ဘုံ


**လူ့ဘုံ** - သုဂတိဘုံ = ကောင်းသောဘုံဖြစ်သည်။

အထက်တွင် ကိုယ့်ထက်သာသော နတ်ပြည် (၆) ထပ်နှင့် ဗြဟ္မာ့ဘုံ (၂၀) ကို မှန်းဆတွေးနိုင်သည်။ အောက်သို့ကြည့်လျှင် အပါယ် (၄) ဘုံကို မှန်းဆနိုင်သည်

www.burmeseclassic.com

www.burmeseclassic.com





လူ = အတွေးအခေါ် ဉာဏ်ရှိသော ခြေနှစ်ချောင်း သတ္တဝါ ကောင်းမှုကုသိုလ် ကိုဆောင်၊ မကောင်းမှုအကုသိုလ်ကိုရှောင်။

**လူ့သက်တမ်း** = အနှစ် (၁၀၀) တမ်း၊ (၉၀) တမ်း၊ (၈၀) တမ်း စသဖြင့် ဆုတ်ယုတ်သွားမည်။ နောက်ပွင့်မည့် အရိမေတ္တာယျ မြတ်စွာဘုရားကို ဖူးချင်လျှင် ငရဲကိုရှောင်နိုင်အောင် ကြိုးစားရမည်။ သို့မဟုတ် ယခုဘဝ ဘုရားသာသနာတော်မှာပင် ကျွတ်တမ်းဝင် နိဗ္ဗာန် မျက်မှောက်ပြုနိုင်အောင် ကြိုးစား၍ရသည်။



www.burmeseclassic.com

www.burmeseclassic.com





လောကပါလတရား = လောကစောင့်တရား (သို့) ကမ္ဘာစောင့်တရားဟု ခေါ်သည်။

ဟိရီ = မကောင်းမှုပြုရမှာ ရှက်ခြင်း၊

ဩတ္တပ္ပ = မကောင်းမှုပြုရမှာ ကြောက်ခြင်း၊





www.burmeseclassic.com

www.burmeseclassic.com







## လူမိုက် (၃) မျိုး


၁။ မကောင်းမှန်းသိလျက် ဆက်လက်ကြံစည်နေသူ။

၂။ မကောင်းမှန်းသိလျက် ဆက်လက်ပြောဆိုနေသူ။

၃။ မကောင်းမှန်းသိလျက် ဆက်လက်ပြုလုပ်နေသူ။

www.burmeseclassic.com

www.burmeseclassic.com







## လူ (၄) မျိုး

လူငရဲသား (မကောင်းမှုအမြဲပြုလုပ်သူ)။
လူတိရစ္ဆာန် (အိပ်၊ စား၊ မေထုန်မှီဝဲ)။
လူပြိတ္တာ (လင်၊ မယား၊ သား ဥစ္စာအပေါ်၌ အစွဲလန်းကြီးသူ)။
လူမြတ်လူကောင်း (သူတော်ကောင်း အကျင့်ရှိသူ)။

www.burmeseclassic.com

www.burmeseclassic.com







ဗြဟ္မစိုရ်တရား (၄) ပါး

မေတ္တာ = မိမိကဲ့သို့ချစ်ခင်သူ၊
ကရုဏာ = ဒုက္ခဆင်းရဲရောက်သူအား သနားခြင်း၊
မုဒိတာ = ချမ်းသာနေသူများအတွက် ဝမ်းမြောက်ခြင်း၊
ဥပေက္ခာ = အချစ်အမုန်းကြား စိတ်ကိုထားနိုင်ခြင်း၊

ဗြဟ္မစိုရ်သည် မြင့်မြတ်သော အကျင့်ဟုခေါ်၍ ယင်းတရားကျင့်နေသူကို ဗြဟ္မဝိဟာရတရား ပိုင်ရှင်ဟုခေါ်သည်။

www.burmeseclassic.com

www.burmeseclassic.com





လှူဒါန်း = ကံ၊ ဉာဏ်၊ ဝီရိယဒါန်။

ဉာဏ်လမ်း = ဉာဏ်ဦးစီး ဝိပဿနာကျင့်၍ နိဗ္ဗာန်ရောက်နိုင်သည်။
ဈာန်လမ်း = သမထကျင့်စဉ်ဖြင့် ဗြဟ္မာဘုံရောက်နိုင်သည်။
ကံလမ်း = အလှူပေးခြင်းဒါန၊ ဥပုသ်စောင့်ခြင်း၊ ငါးပါးသီလလုံခြုံခြင်း စသော သီလတရားတို့ဖြင့်သွားလျှင် နတ်ပြည် ရောက်နိုင်သည်။





www.burmeseclassic.com

www.burmeseclassic.com







## လူတို့ဆင်ခြင်ရမည့် အတ္တာနုဝါဒဘေး

| | | |
|---|---|---|
| အတ္တာနုဝါဒဘေး | = | မိမိကိုယ်ကို မကောင်းဟူ၍ စွပ်စွဲသောဘေး၊ |
| ပရာနုဝါဒဘေး | = | သူတစ်ပါးက မကောင်းသဖြင့် စွပ်စွဲသောဘေး၊ |
| ဒဏ္ဍဘေး | = | မင်းပြစ်ဒဏ်သင့်သောဘေး၊ |
| ဒုဂ္ဂတိဘေး | = | အပါယ်ရောက်မည့်ဘေး၊ |

www.burmeseclassic.com

www.burmeseclassic.com





စောင့်စည်းရမည့် သမ္မပ္ပဓာန် (၄) ပါး = ကောင်းမြတ်သောအားထုတ်မှုဟုဆိုနိုင်သည်။

၁။ ဖြစ်ပြီးသော အကုသိုလ်ကိုပယ်ရမည်။

၂။ မဖြစ်သေးသော အကုသိုလ်မဖြစ်အောင်တား။

၃။ မဖြစ်သေးသောကုသိုလ်ကို ဖြစ်အောင်လုပ်။

၄။ ဖြစ်ပြီးသားကုသိုလ်ကို တိုးပွားအောင်လုပ်ရမည်။





www.burmeseclassic.com

www.burmeseclassic.com







## နတ်ဘုံ

နတ်ပြည် (၆) ထပ်

၁။ စတုမဟာရာဇ်နတ်ပြည်
၂။ တာဝတိံသာနတ်ပြည်
၃။ ယာမာနတ်ပြည်
၄။ တုသိတာနတ်ပြည်
၅။ နိမ္မာနရတိနတ်ပြည်
၆။ ပရနိမ္မိတဝသဝတ္တိနတ်ပြည်

နတ်ဒေဝ၊ ဒေဝတာ = အထက်ဘုံရှိ နတ်များကိုခေါ်သည်။

www.burmeseclassic.com

www.burmeseclassic.com







## (၁)။ စတုမဟာရာဇ်နတ်ပြည်

ယုဂန္ဓိုရ်တောင်၏ထိပ်၌ တည်ရှိသည်။ မြင်းမိုရ်တောင် အနေအထားအရဆိုလျှင် မြင်းမိုရ်တောင်၏အလယ်တွင် တည်ရှိသည်။ စတုမဟာရာဇ်နတ်ပြည် (တစ်ရက်) လူ့ပြည်အရေအတွက် (နှစ် ၅၀)၊ နတ်သတ်တမ်း နှစ်ပေါင်း (၅၀၀)

**စတုမဟာရာဇ်နတ်ပြည်၏ နတ်မင်းကြီးလေးပါး**

**ဓတရဋ္ဌနတ်မင်းကြီး**

မြင်းမိုရ်တောင်၏ အရှေ့အရပ်ကို စောင့်ရှောက် အစိုးရသော နတ်မင်းကြီး ငွေဗိမာန်တွင်နေသည်။

**ဝိရူဠှကနတ်မင်းကြီး**

ယုဂန္ဓိုရ်တောင်ထိပ်၊ မြင်းမိုရ်တောင်၏ခါးလယ်၊ တောင်မျက်နှာအရပ်တွင် ကုမ္ဘဏ်နတ်စစ်သည်များနှင့်အတူနေ၏။ ပတ္တမြားဗိမာန်တွင်နေသည်။

**ဝိရူပက္ခနတ်မင်းကြီး**

ယုဂန္ဓိုရ်တောင်ထိပ်၊ မြင်းမိုရ်တောင်၏ ခါးလယ်၊ အနောက်ဘက်မျက်နှာ အရပ်တွင် ဖန်ဗိမာန်နှင့်နေသည်။

**ကုဝေရနတ်မင်းကြီး**

မြင်းမိုရ်တောင်၏ မြောက်ဘက်ပိုင်းကို အုပ်ချုပ်၍ နတ်ဘီလူးများခြံရံ၍ ရွှေရောင်ဗိမာန်တွင် နေသည်။



www.burmeseclassic.com

www.burmeseclassic.com







## (၂)။ တာဝတိံသာနတ်ဘုံ

တာဝတိံသာသည် စတုမဟာရာဇ်နတ်ပြည် အထက်ယူဇနာလေးသောင်းနှစ်ထောင်အကွာရှိ မြင်းမိုရ်တောင်ထိပ်တွင်တည်ရှိ၍ ယင်းဘုံ၏အကြီးအကဲ အုပ်ချုပ်သူမှာ သိကြားမင်းဖြစ်၏။ တာဝတိံသာတွင် ဘုရားအလောင်းတော်၏ ဆံတော်မြတ်စေတီ စူဠာမဏိစေတီ တည်ထားသည်။

| | |
|---|---|
| တာဝတိံသာနတ်ဘုံသက်တမ်း | (၁၀၀၀) နှစ် |
| လူသက်တမ်း အနှစ် ၁၀၀ | နတ်ပြည် (၁) ရက် |

www.burmeseclassic.com

www.burmeseclassic.com





## (၃)။ ယာမာနတ်ဘုံ

ယာမာနတ်ဘုံသည် မြေနှင့်မထိစပ်ချေ။ ကောင်းကင်ဘုံ၌ တည်သောနတ်ဘုံ တစ်ခု ဖြစ်သည်။ တာဝတိံသာအထက် ယူဇနာလေးသောင်းနှစ်ထောင်အကွာတွင် တည်ရှိ၍ သုယာမနတ်မင်းကြီး အုပ်ချုပ်သည်။

| | |
|---|---|
| ယာမာနတ်သက်တမ်းမှာ | နှစ် (၂၀၀၀) |
| လူ့အရေအတွက် | နှစ်ပေါင်း (၁၄ ကုဋေ ၄ သန်း) |
| လူ့အနှစ် ၂၀၀ | ယာမာနတ်တို့ (၁) ရက် |

www.burmeseclassic.com

www.burmeseclassic.com





## (၄)။ တုတိတာနတ်ဘုံ

| | |
|---|---|
| တုသိတာနတ်ဘုံသက်တမ်း | အနှစ် ၄၀၀၀ |
| လူ့အရေအတွက်နှစ် | ၅၇ ကုဋေ ၆ သန်း |
| လူနှစ်ပေါင်း (၄၀၀) | တုသိတာ ၁ ရက် |

ထိုတုသိတာနတ်ဘုံတွင် မယ်တော်မိနတ်သား (သန္တုသိတနတ်သား)၊ အရိမေတ္တယျ ဘုရားလောင်းတော် (အဇိတ)၊ အနာထပိဏ်သူဌေးကြီးတို့ နတ်အဖြစ် ရှိနေသည်။



www.burmeseclassic.com

www.burmeseclassic.com







## (၅)။ နိမ္မာနရတိနတ်ဘုံ

နိမ္မာနရတိနတ်ဘုံသည် တုသိတာဘုံ၏အထက် ယူဇနာလေး[illegible]ောင်း နှစ်ထောင် ဝေးသောအရပ်၌ တည်ရှိသည်။ ကောင်းကင်၌ တည်ရှိသော[illegible]၌ သုနိမ္မိတ နတ်မင်းကြီး အုပ်ချုပ်သည်။


နိမ္မာနရတိနတ်သက်တမ်း အနှစ် ၈၀၀၀

လူ့အရေအတွက် အနှစ် ၂၀၃ ကုဋေ ၄ သန်း

ထိုနိမ္မာနရတိဘုံတွင် သုနမ္မိတနတ်မင်းကြီး၏ နတ်မိဖုရားအပြ[illegible]ာ၍ ကျောင်းအမကြီး ရရှိခံစားနေသည်။

www.burmeseclassic.com

www.burmeseclassic.com





## (၆)။ ပရနိမ္မိတဝသဝတ္တီနတ်ဘုံ

ပရနိမ္မိတဝသဝတ္တီ နတ်ဘုံသည် နိမ္မာနရတိနတ်ဘုံအထက် ယူဇနာ ၄၂၀၀၀ တွင် တည်ရှိနေသော ကောင်းကင်ဘုံပင် ဖြစ်သည်။ အုပ်ချုပ်သူ နတ်အကြီးအကဲမှာ ဝသဝတ္တီနတ်မင်းကြီး ဖြစ်သည်။


| | |
|---|---|
| ပရနိမ္မိတဝသဝတ္တီနတ်သက်တမ်း | အနှစ် ၁၆၀၀၀ |
| လူ့အရေအတွက် | နှစ်ပေါင်း ၉၂၁ ကုဋေ ၆ သန်း။ |




www.burmeseclassic.com

www.burmeseclassic.com





## နတ်ပြည်ရောက်လိုသူများ ကျင့်ကြံရန်

နတ်ဖြစ်ခြင်းအကြောင်း (၃) ပါးမှာ

၁။ သစ္စဘာဏော = မှန်သည်ကိုသာပြောဆိုရာ၏။

၂။နကုဇ္ဈေယျ = အမျက်ဒေါသထွက်ခြင်း၊ စိတ်ဆိုးခြင်းမရှိရ။

၃။အပ္ပသ္မိံဒဇ္ဇာ = တောင်းလာ၊ အလှူခံလာပါက နည်းနည်းဖြစ်ဖြစ် ပေးလှူမှု ပြုရသည်။





www.burmeseclassic.com

www.burmeseclassic.com





## ဖြူဟ္မာဘုံ ၂၀

### ဗြဟ္မာ

အကြင်ပုဂ္ဂိုလ်တို့သည် ဈာန်တရား၏ ဂုဏ်ကျေးဇူးဖြင့် ကြီးပွားကြကုန်၏။ ထို့ကြောင့်ဗြဟ္မာမည်ကုန်၏။

### ဗြဟ္မပါရိသဇ္ဇာဘုံ


သက်တမ်းမှာ အသင်္ချေယျကပ် ၃ ပုံ ၁ ပုံ

ယင်းဘုံသည် အခြံအရံ ပရိသတ်ဗြဟ္မာငယ်များ နေထိုင်သည့်ဘုံ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com







## ဗြဟ္မပုရောဟိတာဘုံ

သက်တမ်းမှာ အသေင်္ချေယျကပ် တစ်ဝက်ဖြစ်၏။ ဗြဟ္မာမင်းကြီး၏ ကိစ္စကို စီမံဆောင်ရွက်သော ပုရောဟိတ်ဗြဟ္မာများ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com







**မဟာဖြုဟ္မာဘုံ**

မြင့်မြတ်သောမဟာဖြုဟ္မာကိုခေါ်သည်။

www.burmeseclassic.com

www.burmeseclassic.com







## ပရိတ္တာဘာဘုံ

အထက်ဗြဟ္မာများလောက် ကိုယ်ရောင်ကိုယ်ဝါ မတောက်ပသော ဗြဟ္မာများ နေသောဘုံ။

www.burmeseclassic.com

www.burmeseclassic.com







## အပ္ပမာဏာဘာဘုံ

အတိုင်းအရှည်မပြနိုင်အောင် ကိုယ်ရောင်ကိုယ်ဝါ များပြားသော ဗြဟ္မာဘုံ။

www.burmeseclassic.com

www.burmeseclassic.com







### အာဘဿရာဘုံ

အာဘဿရာ ဗြဟ္မာဘုံကား ခန္ဓာကိုယ်မှ အရောင်အဝါ တလျှပ်လျှပ် ထွက်နေသော ဗြဟ္မာတို့၏ဘုံ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com






## ပရိတ္တသုဘာဘုံ

ပရိတ္တသုဘာဘုံ ဗြဟ္မာတို့သည် အောက်ဗြဟ္မာတို့ထက် ကိုယ်ရောင်တောက်သော်လည်း အထက်အထက်ဗြဟ္မာတို့၏ ကိုယ်ရောင်ကိုယ်ဝါလောက် မတောက်ပသော ဗြဟ္မာများ။



www.burmeseclassic.com

www.burmeseclassic.com







**အပ္ပမာဏာသုဘာဘုံ**

အတိုင်းအရှည် မပြနိုင်အောင် ကိုယ်ရောင်ကိုယ်ဝါရှိသော ဗြဟ္မာတို့၏ဘုံ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com





## သုဘာကိဏှာဘုံ

တင့်တယ်သော ကိုယ်ရောင်ကိုယ်ဝါမျိုးစုံ ရောပြွမ်းသော ဗြဟ္မာတို့၏ဘုံဟု ဆိုပေသည်။

www.burmeseclassic.com

www.burmeseclassic.com








## ဝေဟပ္ဖိုလ်ဘုံ

အလွန်ကြီးမားသော အကျိုးကို ရရှိခံစားအပ်သော ဗြဟ္မာဘုံဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com







## အသညသတ်ဘုံ

အသညသတ် ဗြဟ္မာများသည် ရုပ်သာရှိ၍ အသိစိတ် နာမ်တရားမရှိ၊ အသညသတ်ဗြဟ္မာဘုံသည် ရုပ်ပြစ် (၈) ပါး၌ ပါသည်။

www.burmeseclassic.com

www.burmeseclassic.com







## အ-ဝိဟာဘုံ

မိမိရောက်ရှိရာ ဘုံဘဝ၊ ဘုံဌာနကို ခေတ္တမျှသော် မစွန့်ဘဲ၊ ကမ္ဘာပေါင်း အတော်ကြာအောင် တည်နေသောကြောင့် အဝိဟာဖြဟ္မာဟု ခေါ်သည်။

www.burmeseclassic.com

www.burmeseclassic.com





## အတပ္ပါဘုံ

အ-တပ္ပါဘုံသည် အဘယ်အကြောင်းတစ်ခုမျှ ပူပန်ခြင်းမရှိ အလွန်အေးမြစွာ နေထိုင်ရသော ဗြဟ္မာဘုံဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com







## သုဒဿာဘုံ

သုဒဿာဘုံ ဗြဟ္မာများက အလွန်လှပတင့်တယ်သူများ ဖြစ်သည်။ ကြည့်ချင်ရှုချင်စရာကောင်းသော ဗြဟ္မာများ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com







## သုဒဿီဘုံ

သူတစ်ပါးအား သူတို့၏ ပကတိမျက်စိ၊ ပညာမျက်စိတို့ဖြင့် ရှုစားခြင်းကြောင့်၊ ကောင်းမွန်စွာ ကြည့်တတ်ခြင်းကြောင့် သုဒဿီဗြဟ္မာဟု ခေါ်သည်။



www.burmeseclassic.com

www.burmeseclassic.com







## အ က နိ ဋ္ဌ ဘုံ

အကနိဋ္ဌက ဗြဟ္မာတို့သည် အဆင့်အတန်း အလွန်မြင့်သော ဗြဟ္မာများ ဖြစ်ကြ၏။ ၎င်းတို့သည် စည်းစိမ်ချမ်းသာ ကြီးမား၏။

အကနိဋ္ဌဘုံ၊ သုဒဿီဘုံ၊ သုဒဿာဘုံ၊ အတပ္ပါဘုံ အဝိဟာဘုံ ဟူသော (၅) ဘုံကို သုဒ္ဓါဝါသငါးဘုံဟု ခေါ်၏။

သုဒ္ဓါဝါသဆိုသည်မှာ စင်ကြယ်သော အနာဂါမ် ရဟန္တာတို့၏ နေရာဘုံ ဖြစ်သည်။ ယင်းဘုံ၌ ပုထုဇဉ်မရှိ အနာဂါမ်နှင့် ရဟန္တာဗြဟ္မာကြီးများ နေထိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com







အာကာသာနဉ္စာ ယတနဘုံ

မဟာကပ်ကမ္ဘာပေါင်း နှစ်သောင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com







ဝိညာဏဥ္စာယတနဘုံ

ဝိညာဏဥ္စာ ယတနဘုံ၏ သက်တမ်း မဟာကပ်ကမ္ဘာပေါင်း ၄၀၀၀၀ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com







## အာကိဉ္စညာယတနဘုံ

သက်တမ်းမှာ မဟာကပ် ကမ္ဘာပေါင်း ၆၀၀၀၀ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com







## နေဝသညာ နာသညာယတနဘုံ

သက်တမ်းမှာ မဟာကပ်ကမ္ဘာပေါင်း ၈၄၀၀၀ ဖြစ်သည်။ ဘဝဂ်ဘုံဟု ခေါ်သည်။ ၃၁ ဘုံတွင် အမြင့်ဆုံးဘုံဖြစ်၍ ၎င်းဘုံအတွင်း၌ ပုထုဇဉ်နှင့် အရိယာ ၂ မျိုးစလုံးရော၍ တည်ရှိသောကြောင့် သတ္တဘဝဂ်ဟုလည်း ခေါ်ပါသည်။

(အထက်ပါ နေဝသညာယတန၊ အာကိဉ္စညာယတန၊ ဝိညာဏဉ္စာ ယတန၊ အာကာသနဉ္စာယတနဘုံ) ၎င်းလေးဘုံသည် အရူပဘုံဖြစ်သည်။ နာမ်သာရှိ၍ ရုပ်မရှိသောဘုံ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

## စာပေလောက ၅ ညီနောင်စာပေတိုက်မှ ထုတ်ဝေသော စာအုပ်များ

| | | | |
|---|---|---|---|
| ၁။ တွမ်ရဲ့အမြီး | ကလေးစာပေ | ခင်မောင်တိုး(မိုးမိတ်) | ၈၀၀ |
| ၂။ ဆာနေတဲ့ဟယ်ရီ | ကလေးစာပေ | ခင်မောင်တိုး(မိုးမိတ်) | ၈၀၀ |
| ၃။ မအိပ်ချင်ပါဘူး | ကလေးစာပေ | ခင်မောင်တိုး (မိုးမိတ်) | ၈၀၀ |
| ၄။ ပြုံးချိုမေန်း | ကလေးစာပေ | ခင်မောင်တိုး (မိုးမိတ်) | ၈၀၀ |
| ၅။ မေမေဘယ်မှာလဲ | ကလေးစာပေ | ခင်မောင်တိုး (မိုးမိတ်) | ၈၀၀ |
| ၆။ အိပ်လို့မရတဲ့ ဒိုတီလေး | ကလေးစာပေ | ခင်မောင်တိုး (မိုးမိတ်) | ၈၀၀ |
| ၇။ စားနေဝါးနေတဲ့ခူကောင်လေး | ကလေးစာပေ | ခင်မောင်တိုး (မိုးမိတ်) | ၈၀၀ |
| ၈။ ဝက်ဝံကြီးတွေလုပ်နိုင်တယ် | ကလေးစာပေ | ခင်မောင်တိုး (မိုးမိတ်) | ၈၀၀ |
| ၉။ ညအိပ်ပျော်ပွဲ | ကလေးစာပေ | ခင်မောင်တိုး (မိုးမိတ်) | ၈၀၀ |
| ၁၀။ ဒိုင်နိုဆောသည်းထိပ်ရင်ဖို | ကလေးစာပေ | ခင်မောင်တိုး (မိုးမိတ်) | ၈၀၀ |
| ၁၁။ ငါတို့ဘာလုပ်ကြရမှာ | ကလေးစာပေ | ဦးချိုလွင် | ၈၀၀ |
| ၁၂။ ဒီဟာငါပိုင်တဲ့အရာ | ကလေးစာပေ | ဦးချိုလွင် | ၈၀၀ |
| ၁၃။ အော်သံပျောက်တဲ့ ကြောင်ကလေး | ကလေးစာပေ | ဦးချိုလွင် | ၈၀၀ |
| ၁၄။ အံ့အားသင့်စရာမွေးနေ့လက်ဆောင် | ကလေးစာပေ | ဦးချိုလွင် | ၈၀၀ |
| ၁၅။ အံ့ဩစရာကြီးပါလား | ကလေးစာပေ | ဦးချိုလွင် | ၈၀၀ |
| ၁၆။ ဟင်းသီးဟင်းရွက်နှင့် သစ်သီးများကို အလှဒီဇိုင်းအပွင့်ပုံဖော်ဖန်တီးနည်း | အတတ်ပညာ | နှင်းမြတ်သွယ် | ၂၀၀၀ |
| ၁၇။ ဖုန်းရွှေအဆောင်လာဘ်ကောင်လေး များ + (ကဒ်ဗူး) | လောကီရေးရာ | စန္ဒီ (Artist) | ၃၅၀၀ |
| ၁၈။ ယဉ်ကျေးလိမ္မာပုံပြကဗျာ | ကလေးစာပေ | Little Boy Publishing | ၁၀၀၀ |
| ၁၉။ အလှူဒါနပြုကြသူတွေ ရေစက်ချလို့အမျှဝေ | ဘာသာရေး | အရှင်ကုဝေရသာရ | ၃၀၀ |
| ၂၀။ ဘဝခြားသူသို့ရည်စူး၍ အလှူဒါန ပြုလုပ်နည်း | ဘာသာရေး | အရှင်ကုဝေရသာရ | ၃၀၀ |
| ၂၁။ ကံထပ်၊ ရဟန်းခံ၊ ရှင်ပြု လှူဒါန်းခြင်းကုသိုလ်မင်္ဂလာ | ဘာသာရေး | အရှင်ကုဝေရသာရ | ၃၀၀ |
| ၂၂။ ဒါနအမျိုးမျိုး သိကောင်းစရာအဖြာဖြာ | ဘာသာရေး | အရှင်ကုဝေရသာရ | ၃၀၀ |
| ၂၃။ ရင်သွေးများအတွက် အနာဂတ်သာသနာပျိုးခင်း | ဘာသာရေး | အရှင်ကုဝေရသာရ | ၆၀၀ |
| ၂၄။ ဆရာတော်ကြီးများ၏အို၊ နာ၊ သေဘေး မမှုလက်ာရအဆုံးအမများ | ဘာသာရေး | လင်းသက်ခိုင် | ၂၅၀ |
| ၂၅။ စိတ်ချွှသွယ်လှအစိမ်းရောင်ဖျော်ရည်များ | ကျန်းမာရေး | စန္ဒီ (Artist) | ၂၅၀၀ |

www.burmeseclassic.com

www.burmeseclassic.com

| | | | |
|---|---|---|---|
| ၂၆။ လုပ်ငန်းသုံး Facebook Page တည်ဆောက်အသုံးပြုနည်း | အတတ်ပညာ | မင်းမြတ်မိုယ်း | ၂၅၀၀ |
| ၂၇။ ၂၄ ပစ္စည်းမဟာပဋ္ဌာန်းဒေသနာတော် ပါဠိအသံထွက် ရွတ်ဖတ်နည်း (ဒုတိယအကြိမ်) | ဘာသာရေး | နှင်းမြတ်သွယ် | ၃၀၀ |
| ၂၈။ လက်မှုအနုပညာ အမှတ် (၁) | အတတ်ပညာ | ကလောင်စုံ | ၂၅၀၀ |
| ၂၉။ ဖိုမေတို့အတွက် လက်သည်းလှလှ | အလှအပရေးရာ | - | ၂၅၀၀ |
| ၃၀။ လက်သည်းတွေပေါ်ရေးတဲ့ပန်းချီကားများ | အလှအပရေးရာ | စန္ဒီ (Artist) | ၂၅၀၀ |
| ၃၁။ သားငယ်သမီးငယ်တို့အတွက် | | | |
| ပုံပြသြကာသ | ဘာသာရေး | လင်းသက်ခိုင် | ၁၂၀၀ |
| ၃၂။ ဆံဖျားမှခြေဖျားအလှပြုပြင်ထိန်းသိမ်းနည်းများ | အလှအပရေးရာ | စန္ဒီ (Artist) | ၂၈၀၀ |
| ၃၃။ သားငယ်သမီးငယ်တို့အတွက် | | | |
| ဗုဒ္ဓဘာသာသိသင့်ရာ | ဘာသာရေး | လင်းသက်ခိုင် | ၁၀၀၀ |
| ၃၄။ ခရစ်စတယ်ဖန်ပုတီး အလှဆင်ပစ္စည်းများ | အတတ်ပညာ | စန္ဒီ (Artist) | ၂၃၀၀ |
| ၃၅။ ပုတီးစေ့သီခြယ် ကြိုးထိုးအိပ်လေးများ | အတတ်ပညာ | စန္ဒီ (Artist) | ၂၅၀၀ |

